# ကလေးသူငယ်များ လွယ်ကူစွာအသုံးပြုနိုင်သည့် တိုင်ကြားချက်နှင့် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်များအတွက် အထူးအချက်အလက်သတင်းလွှာ

တိုင်ကြားချက်နှင့် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်များ (CFMs) သည် တာဝန်ခံယူမှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ယင်းလုပ်ငန်းစဉ်များသည် ကလေးသူငယ်များ၊ လူငယ်များနှင့် ရပ်ရွာလူထုတို့အား အဓိကသတင်းအချက်အလက်များကိုလည်းကောင်း၊ တုံ့ပြန်ချက်များအား မျှဝေပေးနိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း ထောက်ပံ့ပေးသောကြောင့် ဖြစ်သည်။ ဤလုပ်ငန်းစဉ်များကို အသုံးပြုခြင်းဖြင့် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စေပြီး၊ ဘေးဒဏ်ခံ ပြည်သူများအား အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်စေ၍ လုပ်ပိုင်ခွင့်ပေးရန်လည်း ကူညီပေးသည်။ CFMs များသည် ကလေးသူငယ်များ ဘေးကင်းလုံခြုံစေရေးအတွက်လည်းကောင်း၊ ကလေးသူငယ်များနှင့် လူငယ်များအား လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးခြင်းမှ ကာကွယ်ပေးရေး (PSEA) အတွက်လည်းကောင်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

အဖွဲ့အစည်းများသည် မိမိတို့၏ သတင်းအချက်အလက်မျှဝေရေးနှင့် တုံ့ပြန်ချက်ပေးရေးလမ်းကြောင်းများကို အသက်အရွယ်နှင့် လိင်စိတ်ကွဲပြားမှုအမျိုးမျိုးရှိနေသည့် မိန်းကလေးများ၊ ယောကျ်ားလေးများအားလုံးနှင့် ကိုက်ညီအောင် လိုက်လျောညီထွေပြောင်းလဲထားရန် လိုအပ်ပါသည်။ ယင်းလမ်းကြောင်းများတွင် အထူးလိုအပ်ချက်များရှိနေသည့် ကလေးသူငယ်များအားလုံး ပါဝင်ရမည်ဖြစ်ပြီး၊ တုံ့ပြန်ချက်ပေးရေးလုပ်ငန်းကွင်းဆက်တစ်ခုလုံးတွင် ဘေးကင်းလုံခြုံမှုနှင့် လျှို့ဝှက်ချက်ထိန်းသိမ်းမှုတို့ ရှိစေမည့် နည်းလမ်းများကိုလည်း ကျင့်သုံးရပါမည်။ အဖွဲ့အစည်းများအနေဖြင့် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်များအား ဒီဇိုင်းရေးဆွဲရာတွင်နှင့် အကောင်အထည်ဖော်ရာတွင် ကလေးသူငယ်များ၊ လူငယ်များနှင့် လက်တွဲဆောင်ရွက်မှု၊ ၎င်းတို့၏ ခေါင်းဆောင်မှုတို့ကို မြှင့်တင်ပေးရန်လည်း တိုက်တွန်းလိုပါသည်။

## ကလေးသူငယ်များလွယ်ကူစွာအသုံးပြုနိုင်သည့် CFMs များသည် အဘယ်ကြောင့် အရေးကြီးပါသနည်း?

အတွေ့အကြုံများအရ CFMs များကို ကလေးသူငယ်များ၊ လူငယ်များအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းနှင့် ၎င်းတို့နှင့်ပူးပေါင်း၍ ဒီဇိုင်းရေးဆွဲခြင်း မပြုလုပ်ပါက၊ အောက်ပါအကြောင်းရင်းများကြောင့် ကလေးသူငယ်များနှင့် လူငယ်များက CFMs များကို များစွာ အသုံးမပြုကြကြောင်း ဖော်ပြနေပါသည် -

- တုံ့ပြန်ချက်ပေးရေးလမ်းကြောင်းများနှင့် ယင်းတို့အား အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ကလေးသူငယ်များနှင့် လူငယ်များအား လုံလောက်စွာ အသိပေးထားမှုမရှိခြင်း။
- တုံ့ပြန်ချက်ပေးရေးလမ်းကြောင်းများသည် ကလေးသူငယ်များနှင့် လူငယ်များ နေထိုင်နေသည့် သို့မဟုတ် ဝန်ဆောင်မှုရယူနေသည့် နေရာများတွင် မရှိခြင်း။
- တုံ့ပြန်ချက်ပေးရေးလမ်းကြောင်းများတွင် စာတတ်မြောက်မှုနည်းပါးသော သို့မဟုတ် မသန်စွမ်းမှုများ ရှိနေသော ကလေးသူငယ်များနှင့် လူငယ်များအားလုံးကို ပါဝင်ထည့်သွင်းထားမှုမရှိခြင်း။

ဤအထူးအချက်အလက်သတင်းလွှာကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းအဖွဲ့ (CPAoR)၊ Plan International Myanmar (PIM) နှင့် ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးလုပ်ငန်းအဖွဲ့ (AAP/CE WG) တို့က ပူးပေါင်းပြုစုထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်များ အလွယ်တကူအသုံးပြုနိုင်သော တိုင်ကြားရေးနှင့် တုံ့ပြန်ချက်ပေးရေး လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ်ပိုမိုသိရှိလိုပါက၊ Plan International အဖွဲ့၏ သင်တန်းလက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။

- ကလေးသူငယ်များနှင့် လူငယ်များက မိမိတို့ပေးလိုက်သည့် တုံ့ပြန်ချက်များကို လျှို့ဝှက်ချက် ထိန်းသိမ်းထားခြင်းမရှိဟု စဉ်းစားခြင်း သို့မဟုတ် မိမိတို့အား ယုံကြည်လိမ့်မည်မဟုတ်ဟု စဉ်းစားခြင်း သို့မဟုတ် တိုင်ကြားချက်များကို လက်ခံရယူသူများက မိမိတို့အား ကူညီလိမ့်မည်မဟုတ်ဟု စဉ်းစားခြင်း။

ကလေးသူငယ်များလွယ်ကူစွာ အသုံးပြုနိုင်သည့် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်များ (CFMs) သည် အောက်ပါတို့ကို ကူညီပေးနိုင်သောကြောင့် တာဝန်ခံယူမှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည် -

**ကလေးသူငယ်များ၊ လူငယ်များနှင့် ရပ်ရွာလူထု၏ ဂုဏ်သိက္ခာနှင့် လုပ်ပိုင်ခွင့်ပေးခြင်းတို့ကို မြှင့်တင်ပေးခြင်း**

CFMs များသည် ကလေးသူငယ်များ၊ လူငယ်များနှင့် ရပ်ရွာလူထုတစ်ရပ်လုံးကို မိမိတို့၏ လိုအပ်ချက်များနှင့် ဦးစားပေးအချက်များအား ထုတ်ဖော်ပြောကြားနိုင်စွမ်းရှိစေသည်၊ စီမံကိန်းဒီဇိုင်းရေးဆွဲရာတွင် လွှမ်းမိုးနိုင်စွမ်း ရှိစေသည်၊ လူသားချင်းစာနာမှုလုပ်ငန်းတွင် မိမိတို့၏ ဂုဏ်သိက္ခာအား အကောင်းဆုံးကူညီမြှင့်တင်ပေးနိုင်မည့် နည်းလမ်းများအကြောင်းကို အကြံပေးနိုင်စွမ်းရှိစေသည်။

**ကလေးသူငယ်များအား ဘေးကင်းလုံခြုံစေခြင်းနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးခြင်း (SEA)မှ တားဆီးကာကွယ်ပေးခြင်း**

ကလေးသူငယ်များ လွယ်ကူစွာအသုံးပြုနိုင်သည့် CFMs များသည် ကလေးသူငယ်များ၊ လူငယ်များနှင့် ရပ်ရွာလူထုတစ်ရပ်လုံးအား မိမိတို့၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍လည်းကောင်း၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီလုပ်သားများထံမှ မျှော်လင့်ထားသော အပြုအမူများနှင့်စပ်လျဉ်း၍လည်းကောင်း အသိနိုးကြားမှု တိုးတက်စေနိုင်သည်။ ဤ CFMs များသည် ကလေးသူငယ်များ၊ လူငယ်များနှင့် ရပ်ရွာလူထုတစ်ရပ်လုံးက မိမိတို့၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများအား သတ်မှတ်ဖော်ထုတ်နိုင်သည့် စွမ်းရည်ကို မြင့်တက်စေပြီး၊ ဘေးကင်းလုံခြုံရေးကို ချိုးဖောက်ကျူးလွန်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အလွဲသုံးမှုနှင့် ခေါင်းပုံဖြတ်မှုများအား ဘေးကင်းစွာ တိုင်ကြားနိုင်မည့်နည်းလမ်းများနှင့်စပ်လျဉ်းသည့် အသိပညာများ တိုးတက်စေနိုင်ပါသည်။

**လိမ်လည်မှုနှင့် အဂတိလိုက်စားမှုကို တားဆီးကာကွယ်ပေးခြင်း**

CFMs များသည် လုပ်ပိုင်ခွင့် အလွဲသုံးမှုများအား တားဆီးပေးပြီး၊ လိမ်လည်မှုနှင့် အဂတိလိုက်စားမှုများအား ဖော်ထုတ်ဖြေရှင်းရာတွင် ကူညီပေးနိုင်ပါသည်။

**ပွင့်လင်းမြင်သာမှု တိုးတက်စေခြင်း**

လူသားချင်းစာနာမှုအဖွဲ့အစည်းနှင့် ကလေးသူငယ်များအပါအဝင် ဘေးဒဏ်ခံပြည်သူများအကြား နှစ်လမ်းသွား ပြောဆိုဆွေးနွေးခြင်းဖြင့် လက်ရှိပြဿနာများအကြောင်း ဆက်သွယ်ပြောကြားမှုများကို ပံ့ပိုးကူညီပေးပြီး၊ ဖြေရှင်းနည်းများ၏ ထိရောက်မှုကို တိုးတက်စေကာ၊ အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ပေးနိုင်ပါသည်။

ဤအထူးအချက်အလက်သတင်းလွှာကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းအဖွဲ့ (CPAoR)၊ Plan International Myanmar (PIM) နှင့် ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးလုပ်ငန်းအဖွဲ့ (AAP/CE WG) တို့က ပူးပေါင်းပြုစုထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်များ အလွယ်တကူအသုံးပြုနိုင်သော တိုင်ကြားရေးနှင့် တုံ့ပြန်ချက်ပေးရေး လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ်ပိုမိုသိရှိလိုပါက၊ Plan International အဖွဲ့၏ သင်တန်းလက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။

## အရည်အသွေးရှိပြီး ကုန်ကျစရိတ်ထိရောက်သော စီမံကိန်းရေးဆွဲခြင်း

ကလေးသူငယ်များသည် စနစ်ကျသော တုံ့ပြန်ချက်ရယူရေးလုပ်ငန်းစဉ်မှတဆင့် အောင်မြင်သော လုပ်ငန်းများနှင့် မအောင်မြင်သော လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်ရာတွင် ထူးခြားသော ထပ်တိုးတန်ဖိုးများကို ရရှိစေပြီး၊ လုပ်ငန်းတိုးတက်ရေးအတွက် အကြံပြုချက်များကို ပြုလုပ်နိုင်ပါသည်။ ဤနည်းအားဖြင့် လူသားချင်းစာနာမှုလုပ်ငန်းအား ပိုမိုထိရောက်ရန်၊ အားလုံးပါဝင်စေရန်နှင့် ကြိုတင်အသိပေးဆောင်ရွက်ရန် ကူညီပေးပါသည်။ လုပ်ငန်းဆောင်ရွက်စဉ်အတွင်း စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းသည်လည်း စီမံကိန်းရေးဆွဲရေးကို တိုးတက်စေနိုင်ပါသည်။

## ကလေးသူငယ်များလွယ်ကူစွာအသုံးပြုနိုင်သည့် CFMs များ၏ အဓိကအနှစ်သာရအချက်များ

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတွင် ပါဝင်ဆောင်ရွက်နေသူများသည် ကလေးသူငယ်များ လွယ်ကူစွာ အသုံးပြုနိုင်သည့် တိုင်ကြားချက်နှင့် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်ဖွံ့ဖြိုးစေရေးအတွက် ကူညီပေးနိုင်ပါသည်။ ကလေးသူငယ်များအားလုံး ကျင့်ဝတ်ရှိစွာ၊ အဓိပ္ပါယ်ရှိစွာနှင့် ဘေးကင်းလုံခြုံစွာ ပါဝင်နိုင်ရေးအတွက် CFMs များကို ဒီဇိုင်းရေးဆွဲ၍ အကောင်အထည်ဖော်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရပါမည် -

## အသက်အရွယ်နှင့် သင့်လျော်မှုရှိခြင်း

CFMs များကို ကလေးသူငယ်များနှင့် လူငယ်များ၏ (ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ) ဖွံ့ဖြိုးရေးစွမ်းရည်များနှင့်အညီ လိုက်လျောညီထွေပြောင်းလဲဆောင်ရွက်သင့်ပြီး၊ ကလေးသူငယ်များနှင့်လူငယ်များ၏ ဖြစ်ပေါ်တိုးတက်လာသော စွမ်းရည်များနှင့်အညီ အဓိပ္ပါယ်ပြည့်ဝစွာဖြင့် ပူးပေါင်းပါဝင်ရေးကို မြှင့်တင်ပေးရပါမည်။ အဖွဲ့အစည်းများအနေဖြင့် မတူညီသော ဖွံ့ဖြိုးရေးစွမ်းရည်များကို လက်ခံနိုင်သည့် တုံ့ပြန်ချက်ပေးရေးလမ်းကြောင်းအမျိုးမျိုးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းပါသည်။ ကလေးသူငယ်များနှင့် လူငယ်များသည် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်များ တည်ရှိနေကြောင်းနှင့် ယင်းတို့အား မည်သို့အသုံးပြုရမည်ဖြစ်ကြောင်းကို အသိနိုးကြားနေစေရန် လိုအပ်ပါသည်။ သတင်းအချက်အလက်များကို လက်လှမ်းမီရရှိရမည်ဖြစ်ပြီး၊ သတင်းအချက်အလက်များပေးအပ်ရာတွင် ကလေးသူငယ်များ လွယ်ကူစွာနားလည်နိုင်သောပုံစံဖြင့် ပေးအပ်ရပါမည်။

- ဥပမာ - တုံ့ပြန်ချက်ပေးခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် အဓိကသတင်းစကားများကို ရပ်ရွာလူထု အတွင်းရှိ အခြားသော ကလေးသူငယ်များသို့ ဆက်သွယ်ပြောကြားနိုင်ရန်အတွက် ရိုးရှင်းသော စကားအသုံးအနှုန်းများ၊ သရုပ်ဖော်ပြချက်များကို အသုံးပြု၍ စာစောင်ငယ်များ ပြုစုရာတွင် ကလေးသူငယ်များနှင့် လူငယ်များကို ပူးပေါင်းပါဝင်စေရပါမည်။

## ဘေးကင်းလုံခြုံမှုရှိခြင်းနှင့် လျှို့ဝှက်ချက်ထိန်းသိမ်းထားခြင်း

CFMs များသည် ကလေးသူငယ်များနှင့် လူငယ်များက ထိခိုက်နစ်နာမှု သို့မဟုတ် လက်တုံ့ပြန်မှုအန္တရာယ်များကို မဖြစ်စေဘဲ ဘေးကင်းလုံခြုံ၍ လျှို့ဝှက်စွာဖြင့် တုံ့ပြန်ချက်ပေးအပ်နိုင်ရေးနှင့် စိုးရိမ်မှုများအား တင်ပြနိုင်ရေးကို

ဤအထူးအချက်အလက်သတင်းလွှာကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းအဖွဲ့ (CPAoR)၊ Plan International Myanmar (PIM) နှင့် ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးလုပ်ငန်းအဖွဲ့ (AAP/CE WG) တို့က ပူးပေါင်းပြုစုထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်များ အလွယ်တကူအသုံးပြုနိုင်သော တိုင်ကြားရေးနှင့် တုံ့ပြန်ချက်ပေးရေး လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ်ပိုမိုသိရှိလိုပါက၊ Plan International အဖွဲ့၏ သင်တန်းလက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။

ကူညီပေးရပါမည်။ လုပ်ငန်းစဉ်များက မည်သို့ လုပ်ဆောင်သည်၊ လျှို့ဝှက်ချက်များအား မည်သို့ ထိန်းသိမ်းထားသည်၊ တိုင်ကြားသူများက အဖွဲ့အစည်းများ၏ အရေးယူဆောင်ရွက်ချက်များကို မည်သို့ ပြန်လည်ကြားသိနိုင်သည်စသည်တို့ကို တိကျစွာ ရှင်းပြပေးခြင်းအားဖြင့် လုပ်ငန်းစဉ်များအား ယုံကြည်မှု ရှိလာစေရန် ကြိုးပမ်းဆောင်ရွက်ရပါမည်။

- ဥပမာ - ဝန်ထမ်းများ၏ မမှန်ကန်သောလုပ်ရပ်များကို အစီရင်ခံတိုင်ကြားနိုင်ရန်အတွက် သင့်တော်သော တုံ့ပြန်ချက်ပေးရေးလမ်းကြောင်းများအကြောင်းကို ကလေးသူငယ်များနှင့် တိုင်ပင်ဆွေးနွေးပါ။ ကလေးသူငယ်များက သက်တောင့်သက်သာရှိပြီး လုံခြုံသည်ဟု ခံစားရသော ပတ်ဝန်းကျင်တစ်ခုတွင် တုံ့ပြန်ချက်များကို ရယူပါ။ ကလေးသူငယ်များနှင့်လူငယ်များသည် ဘေးကင်းလုံခြုံရေးကို ဦးတည်ဆောင်ရွက်ပေးမည့် ပုဂ္ဂိုလ် (Safeguarding Focal Point) အဖြစ် အမျိုးသမီးဝန်ထမ်းတစ်ဦးကို ခန့်အပ်တာဝန်ပေးရန် လိုလားနိုင်ပါသည်။

CFM တစ်ခုကို ဒီဇိုင်းရေးဆွဲရာတွင်၊ အဖွဲ့အစည်းများအနေဖြင့် ကလေးသူငယ်များက ရပ်ရွာလူထုအတွင်း၌ မည်သူ့အား အယုံကြည်နိုင်ဆုံးဖြစ်မည်ကို သတ်မှတ်ဖော်ထုတ်ထားရန် လိုအပ်ပါသည်။ ထိုကြားခံပုဂ္ဂိုလ်များကို ကလေးသူငယ်များနှင့် လူငယ်များထံမှ တုံ့ပြန်ချက်လက်ခံရယူရမည့် နည်းလမ်းများနှင့် ထိုတုံ့ပြန်ချက်အား စီမံကိန်းအကောင်အထည်ဖော်သည့် အဖွဲ့အစည်းသို့ ပေးအပ်နိုင်စွမ်းရှိစေရန် လေ့ကျင့်သင်ကြားပေးသင့်ပါသည်။

- ဥပမာ - စိုးရိမ်မှုများအား မည်သူ့ထံသို့ ပြောကြားပါက အဆင်အပြေဆုံးဖြစ်မည်ကို (ဆရာ/မများ၊ ရပ်ရွာခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များစသည်ဖြင့်) ကလေးသူငယ်များအား မေးမြန်းပါ။ ထို့နောက် ထိုကြားခံပုဂ္ဂိုလ်များအား တုံ့ပြန်ချက် လက်ခံသည့် လုပ်ထုံးလုပ်နည်းများနှင့် ပြန်လည်မျှဝေရမည့် နည်းလမ်းများအကြောင်းကို အခြေခံသင်တန်းတစ်ခု ပေးပါ။

**ကျားမရေးရာ ထိရှလွယ်မှုရှိခြင်း**

CFMs များသည် မိန်းကလေးများနှင့် ယောကျ်ားလေးများအကြားတွင်လည်းကောင်း၊ အမျိုးသမီးများနှင့် အမျိုးသားများအကြားတွင်လည်းကောင်း တန်းတူညီမျှမှုကို မြှင့်တင်ပေးနိုင်ရပါမည်။ ကျားမရေးရာ မညီမျှမှုများ ရှိနေပါက၊ အားလုံးအတွက် လက်လှမ်းမီမှုနှင့် ပူးပေါင်းပါဝင်မှုတို့ ရရှိစေမည့် နည်းလမ်းများကို ထားရှိဆောင်ရွက်ပါ။

- ဥပမာ - မိန်းကလေးများနှင့် အမျိုးသမီးများက အများပြည်သူသုံးနေရာများနှင့် ရပ်ရွာလူထုတွင်း ဆွေးနွေးပွဲများသို့ အကန့်အသတ်ဖြင့်သာ ဝင်ရောက်ခွင့်ရှိသည့် အခြေအနေမျိုးတွင်၊ ၎င်းတို့၏ ထူးခြားသော အမြင်များနှင့် ဦးစားပေးအချက်များကို နားထောင်နိုင်ရန်အတွက် မိန်းကလေးနှင့် အမျိုးသမီးများသာပါဝင်သော အုပ်စုများဖြင့် (အမျိုးသမီးပံ့ပိုးကူညီပေးသူများက ဦးဆောင်၍) တိုင်ပင်ဆွေးနွေးပွဲများနှင့် တုံ့ပြန်ချက်ပေးရေးဆွေးနွေးပွဲများကို ပြုလုပ်ပါ။

**အားလုံးပါဝင်စေခြင်း**

ဤအထူးအချက်အလက်သတင်းလွှာကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းအဖွဲ့ (CPAoR)၊ Plan International Myanmar (PIM) နှင့် ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးလုပ်ငန်းအဖွဲ့ (AAP/CE WG) တို့က ပူးပေါင်းပြုစုထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်များ အလွယ်တကူအသုံးပြုနိုင်သော တိုင်ကြားရေးနှင့် တုံ့ပြန်ချက်ပေးရေး လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ်ပိုမိုသိရှိလိုပါက၊ Plan International အဖွဲ့၏ သင်တန်းလက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။

CFMs များသည် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အသက်အရွယ်နှင့် နောက်ခံအမျိုးမျိုးရှိသည့် မိန်းကလေးများနှင့် ယောကျ်ားလေးများကို ထည့်သွင်းပါဝင်စေရပါမည်။ ပို၍ငယ်သော ကလေးသူငယ်များ၊ မသန်စွမ်းမှုရှိနေသည့် ကလေးသူငယ်များ၊ ဘာသာစကားမတူညီသော ကလေးသူငယ်များ၊ အပစ်ပယ်ခံအုပ်စုများ သို့မဟုတ် ထိခိုက်လွယ်အုပ်စုများမှ ကလေးသူငယ်များအပါအဝင် ကလေးသူငယ်တိုင်းအတွက် လက်လှမ်းမီနိုင်သည့် အခွင့်အလမ်းများ လုံလောက်စွာ ရှိနေစေရမည်။ ကလေးသူငယ်များ၏ ကိုယ်ပိုင်အချိန်အသုံးပြုမှု (ဥပမာအားဖြင့် ကျောင်းတက်ခြင်း၊ အိမ်ထောင်စုတာဝန်များဆောင်ရွက်ခြင်း)များကို ထည့်သွင်းစဉ်းစား၍ လေးစားရမည်ဖြစ်ပြီး၊ ကလေးသူငယ်များအား လေးစားမှုနှင့် ဂုဏ်သိက္ခာရှိစွာဖြင့် အမြဲတမ်း ဆက်ဆံရပါမည်။

- ဥပမာ - ကလေးသူငယ်များက မိမိတို့၏ အမြင်များကို သက်တောင့်သက်သာဖြင့် ထုတ်ဖော်ပြောနိုင်သည်ဟု ခံစားရသော ဘေးကင်းလုံခြုံသည့်နေရာတစ်နေရာတွင် အသက်အရွယ် အမျိုးမျိုးရှိသည့် ကလေးသူငယ်များနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပါ။ ဆက်သွယ်ပြောကြားမှုများကို လက်လှမ်းမီပါဝင်နိုင်အောင်ပြုလုပ်ပါ (ဥပမာအားဖြင့် ဘာသာစကားပိုင်းတွင် လိုအပ်ချက်ရှိနေသူများ အတွက် ဘာသာစကားအမျိုးမျိုးကို အသုံးပြုခြင်း၊ အမြင်အာရုံချို့တဲ့သူများအတွက် မျက်မမြင်စာများ အသုံးပြုခြင်းစသည်ဖြင့်)။

**ကလေးသူငယ်များအား ပူးပေါင်းပါဝင်စေခြင်း**

CFMs များအား ဒီဇိုင်းရေးဆွဲရာတွင်နှင့် အကောင်အထည်ဖော်ရာတွင် ကလေးသူငယ်များနှင့် လူငယ်များက အဓိပ္ပါယ်ရှိစွာဖြင့် ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးရပါမည်။ ပူးပေါင်းပါဝင်ခြင်းဆိုသည်မှာ လုပ်ဆောင်ချက်တစ်ခုကို လုပ်ပိုင်ခွင့်ပေးခြင်းလည်း ဖြစ်နိုင်ပါသည်၊ သို့ရာတွင် ကလေးသူငယ်များနှင့် တိုင်ပင်ဆွေးနွေးခြင်းဖြင့် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်များကို ကလေးသူငယ်များ၏ လိုအပ်ချက်များ၊ စွမ်းဆောင်ရည်များနှင့်ကိုက်ညီအောင် အသေးစိတ်ပြင်ဆင်နိုင်ရန် ကူညီပေးပါသည်။ ပူးပေါင်းပါဝင်ခြင်းသည် အသိအမြင်ပေးခြင်း၊ မိမိဆန္ဒအလျောက်ဖြစ်ခြင်း၊ လေးစားခြင်း၊ သက်ဆိုင်မှုရှိခြင်း၊ အားလုံးပါဝင်ခြင်း၊ ဘေးကင်းလုံခြုံခြင်းနှင့် ပွင့်လင်းမြင်သာမှုတို့ အမြဲရှိနေရပါမည်။

- ဥပမာ - ကလေးသူငယ်များအပေါ် သက်ရောက်မှုရှိနေသည့် ပြဿနာရပ်များကို အစီရင်ခံ ပြောကြားရန်အတွက် ငယ်ရွယ်သော အစီရင်ခံသူများကို လေ့ကျင့်သင်ကြားပေးပါ။ ထို့နောက် ကလေးသူငယ်များအတွက် သတင်းအချက်အလက်လိုအပ်ချက်များနှင့် လူသားချင်းစာနာမှုတုံ့ပြန်ရေး လုပ်ငန်းအပေါ် ကျေနပ်မှုနှင့်စပ်လျဉ်းသည့် တုံ့ပြန်ချက်များကို ရယူစုဆောင်းခိုင်းပါ။

**ကလေးသူငယ်များလွယ်ကူစွာအသုံးပြုနိုင်သည့် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်များကို တည်ထောင်ခြင်း**

**အဆင့် (၁) - ကလေးသူငယ်များလွယ်ကူစွာအသုံးပြုနိုင်သည့် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်တစ်ခုကို ဒီဇိုင်းရေးဆွဲခြင်း**

ဤအထူးအချက်အလက်သတင်းလွှာကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းအဖွဲ့ (CPAoR)၊ Plan International Myanmar (PIM) နှင့် ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးလုပ်ငန်းအဖွဲ့ (AAP/CE WG) တို့က ပူးပေါင်းပြုစုထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်များ အလွယ်တကူအသုံးပြုနိုင်သော တိုင်ကြားရေးနှင့် တုံ့ပြန်ချက်ပေးရေး လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ်ပိုမိုသိရှိလိုပါက၊ Plan International အဖွဲ့၏ သင်တန်းလက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။

ဒီဇိုင်းရေးဆွဲသည့်အဆင့်အတွင်းတွင်၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု အခြေအနေကို သရုပ်ခွဲဆန်းစစ်ပြီးနောက်၊ ကလေးသူငယ်များ လွယ်ကူစွာအသုံးပြုနိုင်မည့် တုံ့ပြန်ချက်ပေးရေး လမ်းကြောင်းများကို ရွေးချယ်၍ အကောင်အထည်ဖော်ရန် လိုအပ်မည့် အရင်းအမြစ်များကို သတ်မှတ်ဖော်ထုတ်ရပါမည်။ ဤအဆင့်တွင် ကလေးသူငယ်များ၊ လူငယ်များနှင့် ရပ်ရွာလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန် အရေးကြီးသည်။ တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်အား ဒီဇိုင်းရေးဆွဲရာတွင် ၎င်းတို့ ပို၍ ပူးပေါင်းပါဝင်ပါက၊ ယင်းလုပ်ငန်းစဉ်သည် ကလေးသူငယ်များလွယ်ကူစွာအသုံးပြုနိုင်သော၊ အဓိပ္ပါယ်ပြည့်ဝသော၊ လူတိုင်းအတွက် လက်လှမ်းမီအသုံးပြုနိုင်သော လုပ်ငန်းစဉ်တစ်ခု ပို၍ ဖြစ်လာနိုင်ပါမည်။

| | |
|---|---|
| တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်အတွက် အထူးလုပ်ငန်းအဖွဲ့ (task team) ဖွဲ့စည်းခြင်း | အောက်ပါနယ်ပယ်များမှ ကိုယ်စားလှယ်များ ပါဝင်လျှက် F CFM ဒီဇိုင်းကို ဦးဆောင်ရေးဆွဲမည့် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပါ -<br>ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ MEAL, (ထောက်ပံ့ဖြည့်ဆည်းရေးနှင့် IT အပါအဝင်) အစီအစဉ်များ၊ ဆက်သွယ်ပြန်ကြားရေး၊ လူ့စွမ်းအားရင်းမြစ်၊ လုပ်ငန်းလည်ပတ်မှုနှင့် အကြီးတန်းစီမံခန့်ခွဲရေး။ |
| အခြေအနေကို သရုပ်ခွဲဆန်းစစ်ခြင်း | လက်ရှိတုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်များ၊ ရရှိနိုင်သော လူ့စွမ်းအားရင်းမြစ်များ၊ နည်းပညာနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကဲ့သို့သော စွမ်းဆောင်ရည်များကို စိစစ်ပါ။ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအတွက် အန္တရာယ်ဖြစ်နိုင်ခြေများနှင့် အခက်အခဲများကို လေ့လာဆန်းစစ်ပါ (ဥပမာအားဖြင့် ဘေးဒဏ်ခံ ပြည်သူများထံသို့ သွားလာခွင့်)၊ စနစ်များထပ်နေခြင်းကို ရှောင်ရှားပါ။ |
| တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်၏ နယ်ပယ်ကို ဖွင့်ဆိုသတ်မှတ်ခြင်း | CFM တစ်ခုတွင် ရယူမည့် တုံ့ပြန်ချက်အမျိုးအစားများနှင့် တုံ့ပြန်ဖြေရှင်းပေးမည့် တုံ့ပြန်ချက်အမျိုးအစားများကို ဖွင့်ဆို သတ်မှတ်ထားသော ရှင်းလင်းတိကျသည့် ရည်ရွယ်ချက်နှင့် နယ်ပယ်တို့ ရှိရပါမည်။ |
| ကလေးသူငယ်များ လွယ်ကူစွာ အသုံးပြုနိုင်မည့် တုံ့ပြန်ချက်ပေးရေး လမ်းကြောင်းများကို ရွေးချယ်ခြင်း | ကလေးသူငယ်များလွယ်ကူစွာအသုံးပြုနိုင်မည့် တုံ့ပြန်ချက်ပေးရေး လမ်းကြောင်းများကို ကလေးသူငယ်များ၊ လူငယ်များနှင့် တိုင်ပင်ဆွေးနွေး၍ ရွေးချယ်ရပါမည်။ ၎င်းတို့အတွက် မည်သည့် လမ်းကြောင်းက အလုပ်ဖြစ်မည်ကို နားလည်အောင်ပြုလုပ်ပါ။ |
| တုံ့ပြန်ချက်ပေးရေး လုပ်ငန်းကွင်းဆက်ကို | တုံ့ပြန်ချက်ပေးရေးလုပ်ငန်း ကွင်းဆက်ကို အောက်ပါ အဆင့် (၄) ဆင့်ဖြင့် ဖွဲ့စည်းထားသည် - |

ဤအထူးအချက်အလက်သတင်းလွှာကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းအဖွဲ့ (CPAoR)၊ Plan International Myanmar (PIM) နှင့် ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးလုပ်ငန်းအဖွဲ့ (AAP/CE WG) တို့က ပူးပေါင်းပြုစုထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်များ အလွယ်တကူအသုံးပြုနိုင်သော တိုင်ကြားရေးနှင့် တုံ့ပြန်ချက်ပေးရေး လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ်ပိုမိုသိရှိလိုပါက၊ Plan International အဖွဲ့၏ သင်တန်းလက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။

| | |
|---|---|
| ဒီဇိုင်းရေးဆွဲခြင်း | (၁) ကလေးသူငယ်များ၊ လူငယ်များနှင့် ရပ်ရွာလူထုတစ်ရပ်လုံး၏ ပြောစကားကို နားထောင်ခြင်း (၂) တုံ့ပြန်ချက်ကို အမျိုးအစား ခွဲခြားခြင်း (၃) တုံ့ပြန်ချက်ကို အရေးယူဆောင်ရွက်ပေးခြင်း (၄) တုံ့ပြန်ချက်ပေးရေးကွင်းဆက်ကို ပိတ်သိမ်းခြင်း။ |
| အရင်းအမြစ်များကို စီစဉ်ခြင်း | ကလေးသူငယ်များလွယ်ကူစွာအသုံးပြုနိုင်သည့် တုံ့ပြန်ချက်ပေးရေး လုပ်ငန်းစဉ်ကောင်းတစ်ခုကို လုံလောက်သော ဝန်ထမ်းများ၊ နည်းပညာနှင့် ဘဏ္ဍာရေးအရင်းအမြစ်များဖြင့် ထောက်ပံ့ပေး ထားပါသည်။ |
| CFM အကောင်အထည်ဖော်ရေး စီမံချက် ရေးသားခြင်း | CFM နှင့် လက်ရှိစောင့်ကြည့်အကဲဖြတ်လုပ်ငန်း (M&E)တို့အကြားတွင် ရှင်းလင်းတိကျသော ချိတ်ဆက်မှုများကို တည်ထောင်ထားပါ။ အချက်အလက်စုဆောင်းမှု အမြင့်ဆုံးဖြစ်စေရန်နှင့် လုပ်ငန်းထပ်နေမှု များကို ရှောင်ရှားနိုင်ရန်အတွက် M&Eနှင့် တုံ့ပြန်ချက်ရယူရေး လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအား သတ်မှတ်ဖော်ထုတ်ပါ။ |
| ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း | အရည်အချင်းပြည့်ဝသော ဝန်ထမ်းများသည် ထိရောက်သော တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်၏ မရှိမဖြစ်သော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ကလေးသူငယ်များအား ပူးပေါင်းပါဝင်စေခြင်း ခေါင်းစဉ်အပါအဝင် သင်တန်းများကို ပုံမှန်ပြုလုပ်ပေးပါ။ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများသည် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြောင်း သေချာအောင်ပြုလုပ်ပါ။ |

ကလေးသူငယ်များလွယ်ကူစွာအသုံးပြုနိုင်မည့် တုံ့ပြန်ချက်ပေးရေး လမ်းကြောင်းများကို ကလေးသူငယ်များ၊ လူငယ်များနှင့် တိုင်ပင်ဆွေးနွေး၍ ရွေးချယ်ရပါမည်။ အသက်အရွယ်နှင့် စွမ်းဆောင်ရည်အမျိုးမျိုးရှိနေသည့် ကလေးသူငယ်များအတွက် မည်သည့် လမ်းကြောင်းက အလုပ်ဖြစ်မည်ကို နားလည်ထားရန်အရေးကြီးပါသည်။ ဤလမ်းကြောင်းများသည် အရွယ်ရောက်သူများက လိုလားနှစ်သက်သည့် လမ်းကြောင်းများနှင့်လည်း ကွဲပြားခြားနားနိုင်ပါသည်။ အခြေအနေပေါ် မူတည်၍ အမျိုးမျိုးကွဲပြားနိုင်သော်လည်း၊ အကဲဖြတ်ဆန်းစစ်မှုများအရ ကလေးသူငယ်များနှင့် လူငယ်များသည် ယေဘုယျအားဖြင့် တုံ့ပြန်ချက်များကို အောက်ပါနည်းလမ်းများဖြင့် ပေးအပ်ရန် လိုလားနှစ်သက်ကြကြောင်း ဖော်ပြနေပါသည် -

- ကလေးသူငယ်များ လွယ်ကူစွာ တက်ရောက်ပြီး အပြန်အလှန်ဆွေးနွေးနိုင်သော မျက်နှာချင်းဆိုင် အစည်းအဝေးများ - ကလေးသူငယ်များသည် ကျောင်းစာသင်ခန်းတွင်းအစည်းအဝေးများကဲ့သို့သော

ဤအထူးအချက်အလက်သတင်းလွှာကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းအဖွဲ့ (CPAoR)၊ Plan International Myanmar (PIM) နှင့် ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးလုပ်ငန်းအဖွဲ့ (AAP/CE WG) တို့က ပူးပေါင်းပြုစုထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်များ အလွယ်တကူအသုံးပြုနိုင်သော တိုင်ကြားရေးနှင့် တုံ့ပြန်ချက်ပေးရေး လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ်ပိုမိုသိရှိလိုပါက၊ Plan International အဖွဲ့၏ သင်တန်းလက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။

အုပ်စုလိုက်ဆွေးနွေးပွဲများတွင် တုံ့ပြန်ချက်များကို ထောက်ပံ့ပေးနိုင်သည် (ကျောင်းပြင်ပမှ ကလေးသူငယ်များကိုလည်း ဤအစည်းအဝေးများသို့ ဖိတ်ကြားနိုင်သည်)။

- သက်တူရွယ်တူအချင်းချင်း - အသက်ပိုကြီးသော ကလေးသူငယ်များနှင့် လူငယ်များသည် မိမိတို့အချင်းချင်းအတွင်း တုံ့ပြန်ချက်များကို ရယူရန်နှင့် ယင်းတုံ့ပြန်ချက်ကို စုပေါင်း၍ဖြစ်စေ၊ အုပ်စုကိုယ်စားလှယ်မှတဆင့်ဖြစ်စေ အစီရင်ခံရန် လိုလားနှစ်သက်ကြသည်။
- ဘေးကင်းလုံခြုံရေး ဦးတည်ပုဂ္ဂိုလ် - များသောအားဖြင့် ထိရှလွယ်သော စိုးရိမ်မှုများကို ဘေးကင်းလုံခြုံရေးဦးတည်ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ပေးနေသည့် ယုံကြည်ရသော ဝန်ထမ်းတစ်ဦးသို့ အစီရင်ခံပြောကြားတတ်ကြသည်။
- စာဖြင့်ရေးသားခြင်း - ကလေးသူငယ်များသည် တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ မိမိတို့၏ တုံ့ပြန်ချက် သို့မဟုတ် အကြံပြုချက်များကို မှတ်စု၊ စာ သို့မဟုတ် အဆိုပြုလွှာပုံစံဖြင့် ရေးသားတတ်ကြသည်။ အကြံပြုစာသေတ္တာများကို အသုံးပြုပါက စာတတ်မြောက်မှုအဆင့်အတန်းကို သတိပြုပါ။
- နည်းပညာ (အကူအညီပေးရေးဖုန်းလိုင်း၊ SMS စာတို၊ အီးမေးလ်၊ mobile app များ) - ဖုန်းအသုံးပြုနိုင်သည့် ကလေးသူငယ်များနှင့် လူငယ်များက ဤနည်းလမ်းများကို ပိုမိုအသုံးပြုလာကြပြီး၊ အချို့သော အခြေအနေများတွင် သင့်တော်နိုင်ပါသည်။

**အဆင့် (၂) - တုံ့ပြန်ချက်ပေးရေးလုပ်ငန်းကွင်းဆက်ကို အကောင်အထည်ဖော်ခြင်း**

ကလေးသူငယ်များလွယ်ကူစွာအသုံးပြုနိုင်သည့် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းကွင်းဆက်ကို အောက်ပါအတိုင်း အဆင့် (၄) ဆင့်ဖြင့် ဖွဲ့စည်းထားပါသည် -

| | |
|---|---|
| (၁) ကလေးသူငယ်များ၊ လူငယ်များနှင့် ရပ်ရွာလူထုတစ်ရပ်လုံး၏ ပြောစကားများကို နားထောင်ခြင်း | ရွေးချယ်ထားသော လမ်းကြောင်းများမှတဆင့် တုံ့ပြန်ချက်များကို ရယူစုဆောင်း၍ အသိအမှတ်ပြုခြင်းနှင့် ကလေးသူငယ်များ၊ လူငယ်များနှင့် ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ခြင်း။ |
| (၂) တုံ့ပြန်ချက်ကို အမျိုးအစားခွဲခြားခြင်း | တုံ့ပြန်ချက် သို့မဟုတ် တိုင်ကြားချက်များကို မှတ်တမ်းတင်ခြင်းနှင့် အမျိုးအစားခွဲခြားခြင်း၊ ကလေးသူငယ်များ၏ တုံ့ပြန်ချက်များကို ခွဲခြားထားခြင်း၊ လိုအပ်ပါက တုံ့ပြန်ချက်ကို အတည်ပြုခြင်း။ |
| (၃) တုံ့ပြန်ချက်ကို အရေးယူဆောင်ရွက်ပေးခြင်း | ကလေးသူငယ်များထံမှ တုံ့ပြန်ချက်များအပါအဝင် တုံ့ပြန်ချက်နှင့် တိုင်ကြားချက်များကို ဖြေရှင်းပေးရန်အတွက် သင့်တော်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ခြင်း။ |
| (၄) တုံ့ပြန်ချက်ပေးရေး | တုံ့ပြန်ချက်ကို ဖြေရှင်းရန် ဆောင်ရွက်ခဲ့သည့်လုပ်ငန်း အကြောင်းကို တုံ့ပြန်ချက်ပေးသူအား အသိပေးခြင်းနှင့် ဤအရေးယူဆောင်ရွက်ချက်အား |

| | |
|---|---|
| ကွင်းဆက်ကို ပိတ်သိမ်းခြင်း | ကျေနပ်ခြင်းရှိမရှိကို ကလေးသူငယ်အမျိုးမျိုးက နားလည်နိုင်သည့် နည်းလမ်းတစ်ခုကို အသုံးပြု၍မေးမြန်းခြင်း။ |

## အဆင့် (၃) - တုံ့ပြန်ချက်များမှ လေ့လာသင်ယူခြင်း

ကလေးသူငယ်များလွယ်ကူစွာ အသုံးပြုနိုင်သည့် တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်အား တည်ထောင်ခြင်း၏ နောက်ဆုံးအဆင့်မှာ စီမံကိန်းဆောင်ရွက်မှုများကို အသိပေးရန်နှင့် တိုးတက်စေရေးပြင်ဆင်နိုင်ရန်အတွက် တုံ့ပြန်ချက်များမှ လေ့လာသင်ယူခြင်းဖြစ်သည်။ CFM အား ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းသည် အခက်အခဲများ၊ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် လစ်ဟာမှုများကို သတ်မှတ်ဖော်ထုတ်၍ ယင်းတို့အား သင့်တော်သော နည်းလမ်းဖြင့် အချိန်နှင့်တပြေးညီဖြေရှင်းပေးနိုင်ရေးအတွက် အဓိကအချက်ဖြစ်ပါသည်။

| | |
|---|---|
| တုံ့ပြန်ချက်ပေးရေးလုပ်ငန်းစဉ်ကို စောင့်ကြည့်စစ်ဆေးခြင်း | CFM သည် ပြောင်းလွယ်ပြင်လွယ်ရှိ၍ အခြေအနေနှင့်လိုက်လျောညီထွေ ပြောင်းလဲနေသင့်ပါသည်။ လုပ်ငန်းစဉ်၏ ရှုထောင့်အားလုံးကို ပုံမှန်စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး၊ လိုအပ်ပါက အကြိမ်ရေပိုများစွာဖြင့် စောင့်ကြည့်စစ်ဆေးရပါမည်။ |
| အဖွဲ့အစည်း၏ လေ့လာသင်ယူမှုအတွက် တုံ့ပြန်ချက်များကို အသုံးပြုခြင်း | CFM တစ်ခုသည် ပြီးစီးခဲ့သော အန္တရာယ်ဖြစ်နိုင်ခြေများနှင့် အမှားများမှ သင်ခန်းစာရယူ၍ စီမံကိန်းများကို တိုးတက်စေရန် အသုံးပြုနိုင်သည့် အရေးကြီးသော အချက်အလက်များကို ထောက်ပံ့ပေးပါသည်။ |

Olonchimeg Dorjpurev

Senior Protection Specialist

Email: Olonchimeg.dorjpurev@plan-international.org

ဤအထူးအချက်အလက်သတင်းလွှာကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံလုပ်ငန်းအဖွဲ့ (CPAoR)၊ Plan International Myanmar (PIM) နှင့် ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးလုပ်ငန်းအဖွဲ့ (AAP/CE WG) တို့က ပူးပေါင်းပြုစုထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်များ အလွယ်တကူအသုံးပြုနိုင်သော တိုင်ကြားရေးနှင့် တုံ့ပြန်ချက်ပေးရေး လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ်ပိုမိုသိရှိလိုပါက၊ Plan International အဖွဲ့၏ သင်တန်းလက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။